# Agreement Contract

**Between Business/MSME/Business Association and Consultant/Service Provider**

## RBF Plus မှ ခေါ်ဆိုသော အဆိုပြုလွှာအတွက် အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း နှင့် အဆိုပြုလွှာရေးသားပေးမည့်သူတို့အကြား သဘောတူညီမှုစာချုပ်

| **Business/MSME/Association**<br>အဆိုပြုလွှာရေးသားရန် အပ်နှံသော လုပ်ငန်း (သို့) အသင်းအဖွဲ့ | **Consultant/Service Provider**<br>အဆိုပြုလွှာရေးသားပေးမည့်သူ |
|---|---|
| **Name အမည်-**<br><br>**Address လိပ်စာ-** | **SP Code -**<br>**Name အမည် -**<br><br>**Address လိပ်စာ -** |

**NOW, THEREFORE,** in consideration of the mutual covenants and promises made by the parties hereto, the Business/MSME/Business Association and the Consultant/Service Provider agree as follows:

ဖော်ပြပါ အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်းနှင့် အဆိုပြုလွှာရေးသားပေးမည့်သူ (Consultant/Service Provider) တို့သည် နှစ်ဦးနှစ်ဖက် သဘောတူညီမှုနှင့် ကတိကဝတ်များအရ အောက်ပါ အချက်အလက်များနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် သဘောတူညီပါသည်။

**1. Term (စာချုပ်သက်တမ်း)**

This Agreement shall begin in August 2025 and end by April 2026. Either Party may terminate this Agreement for any reason with 30 days written notice to the other Party.

ဤသဘောတူညီမှုစာချုပ်သည် ဩဂုတ်လ ၂၀၂၅ ခုနှစ်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ဧပြီလ ၂၀၂၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်းမှ သော်လည်းကောင်း၊ အဆိုပြုလွှာရေးသားပေးမည့်သူမှ သော်လည်းကောင်း မည်သည့်အကြောင်းကြောင့်ဖြစ်စေ စာချုပ်အား ဖျက်သိမ်းမည်ဆိုပါက ရက်ပေါင်း (၃၀) ခန့် ကြိုတင်အသိပေး အကြောင်း ကြားရမည်။

## 2. Services (ဝန်ဆောင်မှုများ)

The consultant/Service Provider agrees that they shall assist the Business/MSME/Business Association for all activities and deliverables described in Annex 1.

အဆိုပြုလွှာရေးသားပေးမည့်သူသည် နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသော လိုအပ်သည့် အမှုကိစ္စအားလုံး နှင့် လုပ်ငန်းဆောင်တာများအားလုံးကို အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့အတွက် ပြီးမြောက်အောင် ဆောင်ရွက်ပေးမည်ဟု သဘောတူပါသည်။

## 3. Compensation (အဖိုးအခ ပေးချေခြင်း)

In consideration of the Services, RBF+ shall pay the Service Provider based on the completion of activities and the accuracy and quality of the proposals, as evaluated and assessed by RBF+ for the Business/MSME/Business Association, the details of which are described in Annex 2, upon the submission of an invoice.

အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့အတွက် နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသော လုပ်ငန်းဆောင်တာ များအား အဆိုပြုလွှာရေးသားပေးမည့်သူမှ ပြီးစီးမှု၊ မှန်ကန်မှု နှင့် လျှောက်လွှာအရည်အသွေးပေါ်မူတည်၍ RBF Plus မှ စီစစ်အကဲဖြတ်ချက်များအရ ငွေပေးချေပေးသွားမည် ဖြစ်သည်။ အဆိုပြုလွှာရေးသားပေးမည့်သူဘက်မှ ငွေတောင်းခံလွှာ (Invoice) အား လုပ်ငန်းအပ်နှံသူသို့ ပေးပို့ရမည် ဖြစ်သည်။

## 4. Intellectual Property Rights in Work Product (မူပိုင်ခွင့်)

The Parties acknowledge and agree that the Business/MSME/Business Association will hold all intellectual property rights in any work product resulting from the Services. The Consultant/Service Provider agrees not to claim any such ownership in such work product's intellectual property at any time prior to or after the completion and delivery of such work product to the Business/MSME/Business Association.

အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့သည် အဆိုပြုလွှာရေးသားပေးမည့်သူမှ တာဝန်ယူဆောင်ရွက် ပေးသည့် အဆိုပြုလွှာရေးသားခြင်းမှ ထွက်ရှိလာသော ဉာဏမူပိုင်ခွင့်များအားလုံးကို ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုသည့် နှစ်ဦးနှစ်ဖက်လုံးမှ သိရှိနားလည်ပါသည်။ အဆိုပြုလွှာရေးသားမည့်သူ ဘက်မှ အဆိုပြုလွှာရေးသား နေစဉ်နှင့် ရေးသားပြီးစီးသွားသော မည်သည့်အချိန်ကာလတွင်မဆို ဉာဏမူပိုင်ခွင့်များအား အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့ထံမှ မည့်သည့်အကြောင်းပြချက်နှင့်မဆို တောင်းခံပိုင်ခွင့် မရှိပေ။

## 5. Confidentiality (သတင်းအချက်အလက် လျှို့ဝှက်သိမ်းဆည်းခြင်း)

The Consultant/Service Provider shall not disclose to any third party other than RBF+, any details regarding the Business/MSME/Business Association's business, including, without limitation, any information regarding any of the Business/MSME/Business Association's customer information, business plans, etc.

အဆိုပြုလွှာရေးသားပေးမည့်သူသည် အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့၏ မည်သည့်သတင်းအချက်အလက်များကိုမဆို RBF Plus အဖွဲ့အစည်းမှလွဲ၍ အခြားမည့်သည့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမှ ထုတ်ဖော်ပြောဆိုခြင်း၊ ရေးသားမျှဝေခြင်း မပြုရ။

## 6. Applicable Law (ဥပဒေပြဋ္ဌာန်းချက်)

This Consulting Agreement and the interpretation of its terms shall be governed by and construed in accordance with the laws of Myanmar.ဤသဘောတူညီမှုစာချုပ်နှင့် စာချုပ်ပါအဓိပ္ပါယ် ဖွင့်ဆိုချက်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဖြစ်သည်ဟု မှတ်ယူရမည်။

**Annex 1 (နောက်ဆက်တွဲ - ၁)**

**The Consultant/Service Provider has agreed to support the Business/MSME/Business Association and be responsible for the following deliverables:**

**အဆိုပြုလွှာရေးသားပေးမည့်သူသည် အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) လုပ်ငန်းရှင်များ အသင်းအဖွဲ့အား အောက်ဖော်ပြပါ လိုအပ်သောလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးရန်တာဝန်ရှိကြောင်း သဘောတူလက်ခံပါသည်။**

1. Develop the project idea together with Business/MSME/Business Association to apply for RBF+'s (8) Areas of support.

   RBF Plus မှ သတ်မှတ်ထားသော ဧရိယာများ (၈) ခုအနက်မှ တစ်ခုခုနှင့် ကိုက်ညီသော စီမံကိန်းအိုင်ဒီယာ များကို အဆိုပြုလွှာရေးသားရန် အပ်နှံသော လုပ်ငန်းနှင့်အတူ စဉ်းစားဖော်ထုတ်ရန်။

2. Collect, review, and analyze the data of Business/MSME/Business Association to conduct a needs assessment to document the current condition and the desired results that can be produced by investing in RBF+'s (8) Areas of support.

   အဆိုပြုလွှာတင်သွင်းမည့် လုပ်ငန်း (သို့) အသင်းအဖွဲ့ထံမှ သတင်းအချက်အလက်များကို သေချာစွာ ကောက်ယူ၍ လုပ်ငန်း၏ လက်ရှိတွေ့ကြုံနေရသောအခြေအနေ၊ အခက်အခဲများ နှင့် RBF Plus မှ သတ်မှတ်ထား သော ဧရိယာ (၈) ခုအနက်မှ တစ်ခုခုတွင် ရင်းနှီးမြှုပ်နှံရန်အတွက်ကုန်ကျစရိတ်၊ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ ရရှိလာမည့်ဝင်ငွေနှင့် ကုန်ကျစရိတ်လျှော့ချမှုများ၊ အရင်းကြေကာလတို့ကို သေချာစွာ လေ့လာစာရင်းပြုစုရန်။

3. Carry out the financial feasibility of the project idea which includes estimations of investment and expenses, calculations of potential revenue or cost reductions, an estimated payback period, and accurate cost allocation for the requested RBF+ support.

   စီမံကိန်းအတွက် စိုက်ထုတ်ရမည့် ငွေကြေးရင်းနှီးမြှုပ်နှံမှု နှင့် ကုန်ကျစရိတ်များ ၊ ပြန်လည်ရရှိမည့် အကျိုးအမြတ်များ ၊ အရင်းကြေကာလများ စသည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို သေချာစွာ တွက်ချက်စာရင်းပြုစုရန်။ အဆိုပြုလွှာရေးသားပေးမည့်သူသည် RBF Plus သို့ အဆိုပြုတင်သွင်းမည့် စီမံကိန်း၏ ကုန်ကျစရိတ်များကို တိကျသေချာစွာ တွက်ချက်ခန့်မှန်းပေးရန်။

4. Identify two or more equipment suppliers to ensure that the business is proposing the right technology, service, and cost-effective equipment for the Business/MSME/Business Association to implement the project.

   အဆိုပြုလွှာရေးသားရန် အပ်နှံသည့်လုပ်ငန်းအား အနည်းဆုံး Supplier (၂) ယောက်နှင့် ဆက်သွယ် ချိတ်ဆက်ပေး၍ RBF Plus တွင် လျှောက်ထားမည့် စက်ပစ္စည်း (သို့မဟုတ်) နည်းပညာမှာ လုပ်ငန်း အတွက် မှန်ကန်သင့်တော်မှုရှိ၊မရှိ နှင့် စက်ပစ္စည်းဈေးနှုန်းမှာ လုပ်ငန်းအတွက် သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြစ်၊ မဖြစ်ကို ကူညီစစ်ဆေး ပေးရန်။

5. Develop a quality Project Proposal together with the Business/MSME/Business Association which includes a detailed implementation plan of the project idea within the timeframe, identifying desired economic outcomes for MSMEs and producers, assessing potential environmental benefits, etc.

   အရည်အသွေးကောင်းမွန်သော လျှောက်လွှာများဖြစ်လာစေရန် လိုအပ်သော အသေးစိတ် အချက်အလက် များကို အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်းနှင့် ပူးပေါင်း ထည့်သွင်းရေးသားရန်။ (ဥပမာ - စီမံကိန်း အကောင်အထည်ဖော်မည့် အသေးစိတ် အချိန်ဇယား၊ စီမံကိန်းမှရရှိလာမည့် အကျိုးရလဒ်များ)

6. Demonstrate the strong connection between RBF+'s areas and Supported Equipment/Technical Assistance etc.

   လုပ်ငန်းဘက်မှ အဆိုပြုထားသော စက်ပစ္စည်း (သို့) နည်းပညာ နှင့် RBF Plus မှ ထောက်ပံ့ပေးမည့် ဧရိယာအကြား အကျုံးဝင်ဆက်စပ်ပုံကို သေချာစွာ ရှင်းလင်းရေးသားရန်။

7. Collect baseline data required for establishing the Monitoring and Evaluation requirements of the project and assist the Business/MSME/Business Association in the pre-grant agreement meetings with the RBF+ Team, which is a prerequisite for signing the grant agreement.

   ထောက်ပံ့ငွေပေးအပ်ရန် ရွေးချယ်ခြင်းခံရသောလုပ်ငန်းများ (သို့) အသင်းအဖွဲ့နှင့် RBF Plus တို့အကြား

စာချုပ်မချုပ်ဆိုမီ တွေ့ဆုံရသော M&E Meeting အတွက် လိုအပ်သည့် စီမံကိန်းမစတင်မီ လုပ်ငန်းအချက်အလက်များအား ကူညီတွက်ချက်ပေးရန်။

8. Advice Business/MSME/Business Association about the documentation required at least seven days ahead of the required submission date.

   လိုအပ်သည့် စာရွက်စာတမ်းများ နှင့် သတင်းအချက်အလက်များကို RBF Plus သို့ နောက်ဆုံးထား တင်သွင်းရမည့် ရက်မတိုင်မီ အနည်းဆုံး (၇) ရက်ကြိုတင်၍ လုပ်ငန်း (သို့) အသင်းအဖွဲ့အား အကြောင်းကြားရန်။

**<u>In connection with the above, the Business/MSME/Business Association promises the following to enable the Consultant/Service Provider</u>**

**အထက်ဖော်ပြပါ အချက်အလက်များအား အဆိုပြုလွှာရေးသားပေးမည့်သူမှ လုပ်ဆောင်နိုင်စေရန် အတွက် အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) လုပ်ငန်းရှင်များအသင်းအဖွဲ့ဘက်မှ အောက်ဖော်ပြပါ အချက်အလက်များကို လုပ်ဆောင်ပေးရန် ကတိကဝတ်ပြုပါသည်။**

1. Actively brainstorm and cooperate with the Consultant/Service Provider in developing the project idea and Concept Notes.

   စီမံကိန်းအိုင်ဒီယာများကို ဖော်ထုတ်ခြင်း နှင့် လျှောက်လွှာရေးသားခြင်းတို့တွင် အဆိုပြုလွှာရေးသား ပေးမည့်သူ နှင့်အတူ တက်ကြွစွာ ပါဝင်စဉ်းစားပေးရန် နှင့် ပူးပေါင်းပေးရန်။

2. Provide essential information about the business promptly to the Consultant/Service Provider to develop the Project Proposal.

   RBF Plus သို့ အဆိုပြုလွှာ ရေးသားတင်သွင်းရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ ကို အဆိုပြုလွှာ ရေးသားပေးမည့်သူသို့ အချိန်မီပေးပို့ရန်။

3. Share with the Consultant/Service Provider a copy of registration and other necessary documents at least five days ahead of the closing date of the call for proposals.

   လုပ်ငန်းလိုင်စင်မိတ္တူနှင့်တကွ အခြားလိုအပ်သောစာရွက်စာတမ်းများ၏ မိတ္တူများကို RBF Plus မှ အဆိုပြုလွှာတင်သွင်းမည့် နောက်ဆုံးသတ်မှတ်ရက် မတိုင်မီ အနည်းဆုံး (၅) ရက်ကြိုတင်၍ အဆိုပြုလွှာ ရေးသားပေးမည့်သူသို့ ပေးပို့ရန်။

**Annex 2 (နောက်ဆက်တွဲ - ၂)**

**If the Consultant/Service Provider fails to submit the Concept Notes and Project Proposal to RBF+ Management Unit before the closing deadlines, the Business/MSME/Business Association is not liable to pay the Consultant/Service Provider.**
**The payment to the Consultant/Service Provider under this contract shall be based on the completion of all the agreed-upon Deliverables and an assessment of the quality of each Deliverable. The amount payable is assessed based on the following criteria and weightage as indicated below, with a maximum of MMK 3,000,000.**
*(Note:: There is no compensation fee required for Area (9) – Knowledge Sharing for Farmers & Agrifood MSMEs, as it is fully supported by RBF Plus (100% support).*

**အဆိုပြုလွှာ ရေးသားပေးမည့်သူသည် ပထမအဆင့်လျှောက်လွှာ (Concept Note) နှင့် ဒုတိယအဆင့် လျှောက်လွှာ (Full Proposal) များကို RBF Plus မှ နောက်ဆုံးသတ်မှတ်ရက် မတိုင်မီ တင်သွင်းနိုင်ခြင်း မရှိပါက အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်း (သို့) အသင်းအဖွဲ့အနေဖြင့် အဆိုပြုလွှာရေးသား ပေးမည့်သူ အား ငွေပေးချေရန် တာဝန်မရှိပါ။**
**ဤသဘောတူညီမှုစာချုပ်အရ အဆိုပြုလွှာရေးသားပေးမည့်သူအား ငွေပေးချေမှုသည် ၎င်း လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများအား ပြီးစီးမှု၊မှန်ကန်မှု နှင့် လျှောက်လွှာအရည်အသွေးပေါ်တွင်မူတည်၍ ပေးချေမည် ဖြစ်ပါသည်။**
**ပေးချေမည့် ငွေကြေးပမာဏကို အောက်ပါ အချက်အလက်များ နှင့် ရာခိုင်နှုန်းများ ပေါ်တွင်မူတည်၍ ပေးချေမည်ဖြစ်ပြီး**

**အများဆုံး မြန်မာကျပ်ငွေ (၃၀) သိန်းအထိ ပေးချေသွားမည် ဖြစ်ပါသည်။**

*(မှတ်ချက်။ ။လယ်ယာထွက်ကုန် ထုတ်လုပ်သော MSMEs များအား အတွေ့အကြုံ ဗဟုသုတများ မျှဝေခြင်း (ဈေးကွက်လိုအပ်ချက်၊ စံသတ်မှတ်ချက်များနှင့် အညီ) ဧရိယာ(၉) သည် RBF Plus မှ ၁၀၀% ထောက်ပံ့ပေးသည့် အတွက် ထို ဧရိယာ (၉) အတွက် လျှောက်လွှာကူညီရေးသားခ ကို RBF Plus မှ ပေးအပ်မည် မဟုတ်ပါ။)*

| Sr. No | Activity/Deliverable by Consultant/Service Provider<br>အဆိုပြုလွှာ ရေးသားပေးမည့်သူမှ လုပ်ဆောင်ရမည့် လုပ်ငန်း ဆောင်တာများ | Weightage in %<br>ရာခိုင်နှုန်း | Amount (Million in MMK) |
|---|---|---|---|
| 1 | Submission of a proper Needs Assessment Report<br>အဆိုပြုလွှာရေးသားရန် အပ်နှံသည့်လုပ်ငန်းအကြောင်း စမ်းစစ်မှု အစီရင်ခံစာ (Need Assessment Report) တင်သွင်းခြင်း | 5% | 0.15 |
| 2 | Submission of Concept Notes and Project Proposal to RBF+ along with required documents.<br>ပထမအဆင့်လျှောက်လွှာ (Concept Note) နှင့် ဒုတိယအဆင့် လျှောက်လွှာ (Full Proposal) များကို RBF Plus သို့ တင်သွင်းခြင်း | 5% | 0.15 |
| 3 | Submission of Project Implementation Workplan with a clear timeline and milestones<br>စီမံကိန်းအကောင်အထည်ဖော်မည့် အစီအစဉ်အသေးစိတ် (Work Plan) ကို RBF Plus သို့ တင်သွင်းခြင်း | 5% | 0.15 |
| 4 | Submission of required Business/MSME/Business Association documentation before the deadlines<br>လုပ်ငန်း (သို့) လုပ်ငန်းရှင်အသင်းအဖွဲ့မှ တင်သွင်းရန် လိုအပ်သော အခြားစာရွက်စာတမ်းများကို RBF Plus မှ သတ်မှတ်ထားသော နောက်ဆုံး ရက် မတိုင်မီ အချိန်မီ ပေးပို့တင်သွင်းခြင်း | 10% | 0.30 |
| 5 | Quality of Concept Notes and Project Proposal to RBF+, emphasizing commercial visibility, economic benefits for MSMEs and primary producers, and appropriateness for the target market<br>ပထမအဆင့်လျှောက်လွှာ (Concept Note) နှင့် ဒုတိယအဆင့် လျှောက်လွှာ (Full Proposal) တို့တွင် တင်ပြထားမှုများမှာ RBF Plus မှ သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း အတွက် ငွေကြေးအကျိုးအမြတ် ရရှိခြင်း၊ လယ်သမားများအတွက် အကျိုး အမြတ်ရရှိမှု နှင့် သင့်တော်သော ဈေးကွက်ရရှိနိုင်ခြင်း စသည့်တို့ကိုထည့်သွင်း ရေးသားမှု အရည်အသွေး | 15% | 0.45 |
| 6 | Evidence of the link between one of the 9 RBF+ support areas and the proposed Equipment / Activity<br>လုပ်ငန်းဘက်မှ အဆိုပြုထားသော စက်ပစ္စည်း (သို့) နည်းပညာ နှင့် RBF Plus မှ ထောက်ပံ့ပေးမည့် ဧရိယာတို့ ဆက်စပ်အကျိုးဝင်ပုံကို အချက်အလက်ခိုင်မာစွာ ချိတ်ဆက် ရေးသားတင်ပြနိုင်ခြင်း | 10% | 0.30 |
| 7 | Presentation of evidence for the 'Demonstration Effect' of the proposed project<br>အဆိုပြုထားသော စီမံကိန်းသည် အခြားသော လုပ်ငန်းများကပါ လိုက်ပါ အတုယူ လုပ်ဆောင်နိုင်စေသည့် စံနမူနာကောင်းစီမံကိန်း ဖြစ်ကြောင်းကို အထောက်အထား ခိုင်မာစွာ ရေးသား တင်ပြနိုင်ခြင်း | 8% | 0.24 |
| 8 | The financial feasibility of the project idea which includes estimations of investment and expenses, calculations of potential revenue or cost reductions, an estimated payback period, and accurate cost allocation for the requested RBF+ support<br>စီမံကိန်း၏ပါဝင်သော ကုန်ကျစရိတ်များအား မှန်ကန်စွာ တွက်ချက် နိုင်ခြင်း၊ စီမံကိန်းမှ ရရှိလာနိုင်သော အကျိုးအမြတ်များကို တွက်ချက်နိုင်ခြင်း၊ အရင်းကြေကာလ တွက်ချက်နိုင်ခြင်း စသည့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များအား တွက်ချက်နိုင်ခြင်း | 15% | 0.45 |
| 9 | Facilitation of discussions/negotiations with Suppliers on behalf of Business/MSME/Business Association<br>လုပ်ငန်း (သို့) လုပ်ငန်းရှင်များအသင်းအဖွဲ့အတွက် စက်ပစ္စည်း (သို့မဟုတ်) | 6% | 0.18 |

| | | | |
|---|---|---|---|
| | နည်းပညာရောင်းချသူများနှင့် ဆက်သွယ်သိနိုင်းချိတ်ဆက်ပေးခြင်း | | |
| 10 | Submission of two or more Quotations from Suppliers with proven track record.<br>မတူညီသော စက်ပစ္စည်း (သို့မဟုတ်) နည်းပညာရောင်းချသူများ အနည်းဆုံး နှစ်ဦးနှင့် အထက်၏ ပစ္စည်းဈေးနှုန်းစာရင်း (Quotation) ကို RBF Plus သို့ ပေးပို့တင်ပြနိုင်ခြင်း | 5% | 0.15 |
| 11 | Assistance to Business/MSME/Business Association in the collection of Baseline Data and estimation of Project Targets for the proposed Project<br>အဆိုပြုထားသောစီမံကိန်း၏ လက်ရှိလုပ်ငန်းအခြေအနေနှင့် ပတ်သက်သောအချက်အလက်များ (Baseline Data) နှင့် စီမံကိန်း ပြုလုပ်ပြီး ရရှိမည့်အကျိုးကျေးဇူးများ (Project Target) ကို ခန့်မှန်း တွက်ချက်ရာ တွင်ကူညီပေးခြင်း | 6% | 0.18 |
| 12 | Assistance to Business/MSME/Business Association in the required Pre-Grant Agreement (M&E) Meeting with RBF+ and finalization of the Grant Agreement<br>RBF Plus နှင့် စာချုပ်ချုပ်ဆိုခြင်း မပြုလုပ်မီ တွေ့ဆုံရသော M&E Meeting အတွက် လိုအပ်သည့် အကူအညီများ ပေးခြင်း၊ RBF Plus နှင့် စာချုပ်ချုပ်ဆိုရန်အတွက် လိုအပ်သည့် အကူအညီများ ပေးခြင်း | 10% | 0.30 |
| | **Total**<br>**စုစုပေါင်း** | **100%** | **3.00** |

**IN WITNESS WHEREOF,** by execution by the parties below, this Consultant/Service Provider Agreement will form a part of the Contract.

အဆိုပြုလွှာရေးသားရန် အပ်နှံသောလုပ်ငန်းနှင့် အဆိုပြုလွှာရေးသားပေးမည့်သူ (Service Provider/Consultant) တို့သည် အထက်တွင် ဖော်ပြထားသော အချက်အလက်များအားလုံးကို နှစ်ဦးနှစ်ဖက် ဖတ်ရှုနားလည်ပြီး သဘောတူညီစွာ လက်မှတ်ရေးထိုးအတည်ပြု စာချုပ်ချုပ်ဆိုကြပါသည်။

| | | | |
|---|---|---|---|
| **Signature** (လက်မှတ်) | ____________ | **Signature** (လက်မှတ်) | ____________ |
| **Name of the Business/MSME/Business Association** (လုပ်ငန်းရှင် /အဖွဲ့အစည်း အမည်) | ____________ | **Name of the Consultant/Service Provider** (Consultant / Service Provider အမည်) | ____________ |
| **Date** (ရက်စွဲ) | ____________ | **Date** (ရက်စွဲ) | ____________ |